ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
မန္တလေးတိုင်းဒေသကြီး၊မန္တလေးမြို့

စာအမှတ် ၊ပ-၂(မန်းလျှပ်စစ်)( ၀၂၇၇ )၂၀၁၉
ရက်စွဲ ၊၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

**Tender No. 1-17(T)/MESC/2018-2019**

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့်လက်အောက်ရှိမြို့နယ်များတွင် အသုံးပြုရန် လိုအပ်သော လျှပ်စစ်ပုံစံ ( ၃၀ )မျိုးဝယ်ယူရန်**

၁။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း နှင့် လက်အောက်ရှိ မြို့နယ်များတွင် အသုံးပြုရန် လိုအပ်သော လျှပ်စစ်ပုံစံ ( ၃၀ )မျိုးဝယ်ယူလိုပါ၍ တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါအဆိုပြုလွှာများကို အမှုဆောင်အရာရှိချုပ်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ၊ ၂၇လမ်း၊ ၇၇×၇၈ကြား ၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့သို့ လိပ်မူပေးပို့ရမည်ဖြစ်ပြီး တင်ဒါပိတ်ရက် ဖြစ်သည့် **၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ၊ ( ၂၈ ) ရက်(၁၄:၀၀) နာရီတွင် တင်ဒါလက်ခံရေး နှင့် စိစစ်ရေး ကော်မတီမှ တစ်ပြိုင်နက် စိစစ် လက်ခံ မည်ဖြစ်ရာ လူကိုယ်တိုင် လာရောက် တင်သွင်းရန် ဖြစ်ပါသည်။**

၂။ ပေးပို့တင်ပြလာသော တင်ဒါအဆိုပြုလွှာများသည် အောက်ဖော်ပြပါအချက်များနှင့် ကိုက်ညီရပါမည်-

(က) ဈေးနှုန်းလွှာများကို **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ( ရုံးချုပ် )** အရောက် တန်ဖိုး **(D.D.P-MDY )မြန်မာကျပ်(Kyat) ဖြင့် ပေးသွင်းရပါမည်။**

(ခ) ပေးသွင်းမည့်ပစ္စည်း၏ **နည်းပညာ စံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal)** တွင် Detailed Technical Specification Of Each Type Hard Copy +Soft Copy (၂) စုံကို စာအိတ် တစ်အိတ်ဖြင့် လည်းကောင်း၊ တင်သွင်းသည့် ကုမ္ပဏီနှင့် သက်ဆိုင်သည့် အချက်အလက်များ ကုမ္ပဏီ Profile ကို စာအိတ်တစ်အိတ်ဖြင့် လည်းကောင်း၊ ကုမ္ပဏီနှင့်သက်ဆိုင်သည့် ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များ (Financial Position)ကို စာအိတ်(၁)အိတ်ဖြင့်လည်းကောင်း ၊ **ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)** ကို စာအိတ်တစ်အိတ်ဖြင့် လည်းကောင်း၊ သီးခြားစီ ထည့်သွင်း၍ စုစုပေါင်း စာအိတ် (၄) အိတ်ဖြင့် ပူးတွဲ ပေးပို့ရပါမည်။ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် စာအိတ်များကို ကွဲပြားခြားနားစွာ ရေးသား တင်ပြရမည်။ ကုမ္ပဏီနှင့် သက်ဆိုင်သည့် အချက်အလက်များ ( Profile နှင့် Financial Position) ကို

နောက်ဆက်တွဲ (က) ဖြင့် သီးခြားဖော်ပြထားပါသည်။

(ဂ) စာအိတ်အသီးသီး၏ လက်ယာအပေါ်ဘက်ထိပ်တွင် ဈေးနှုန်းတောင်းခံလွှာအမှတ်နှင့် တင်ဒါပိတ်ရက်များကိုထင်ရှားစွာဖော်ပြထားရမည်။ထို့အပြင် စာအိတ်အသီးသီးပေါ်တွင် **"နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ"**Detail Technical Specification ၊ **ကုမ္ပဏီ** Profile ၊ **ကုမ္ပဏီ၏ ဘဏ္ဍာရေး ဆိုင်ရာအခြေအနေ** (Finanical Position) **တို့အပါအဝင်နှင့်"ဈေးနှုန်းအဆိုပြုလွှာ"**ဟူ၍ကွဲပြားခြားနားစွာရေးသားဖော်ပြရမည်။တင်ဒါတင်သွင်းရာတွင်နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာကိုမူရင်း(၁)စုံ၊မိတ္တူ(၁)စုံတင်သွင်းရန် ဖြစ်ပြီး၊ဈေးနှုန်းအဆိုပြုလွှာကို မူရင်း(၁) စုံသာ တင်သွင်းရန် ဖြစ်သည်။ အဆိုပြုလွှာတွင် အမှားပြင်ဆင်ချက်ရှိပါက တင်ဒါ တင်သွင်းသူကိုယ်တိုင် လက်မှတ် ရေးထိုး ပြင်ဆင်ထားခြင်း ဖြစ်ရမည်။

(ဃ) ဈေးနှုန်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလ (Price Validity) သည် ဈေးနှုန်းပိတ်ရက်မှ ( ၃ ) လအတွင်း တည်မြဲမှုရှိစေရမည်။

(င) ပစ္စည်းများအား(၂)လအတွင်းအပြီးပေးသွင်း ရန်ဖြစ်ပါသည်။ (၂)လအတွင်း ပေးသွင်းရမည့် ပစ္စည်းများအနက်လျှပ်စစ်ပုံစံ(၇၆)အရေ အတွက် ၁၀၀,၀၀၀ (တစ်သိန်းတိတိ) အား (၂)ပတ် အတွင်းရိုက်နှိပ်ပေးသွင်းရမည်။ ကျန်လျှပ်စစ်ပုံစံများ ကိုလည်းဌာန လိုအပ်ချက်အရ ဦးစားပေးရိုက်နှိပ်ပေးရန် တောင်းဆိုခဲ့ပါက ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုရပါမည်။ ဌာနမှ သတ်မှတ်ထားသည့် Delivery ကာလအတွင်း ပစ္စည်း ပေးသွင်းနိုင်ကြောင်း မတင်ပြနိုင်ပါက ဈေးနှုန်းလွှာ အား ဆက်လက် ဖွင့်ဖောက်သွားမည်မဟုတ်ပါ။

(စ) အဆိုပြုလွှာ ပုံစံများနှင့်အတူ ဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသို့ လိပ်မူထားသော ဂန်ခံဂတိပြုလွှာကို ပူးတွဲပေးပို့တင်ပြရမည်။

(ဆ) တင်ဒါတင်သွင်းသူများအား စိစစ်အကဲဖြတ်ရာတွင် အောက်ပါလုပ်ငန်းအဆင့်အတိုင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က)စာရွက်စာတမ်းပြည့်စုံမှု

(ခ)တင်ဒါအာမခံကြေး

(ဂ)သတ်မှတ်အရည်အချင်းပြည့်မီမှု

(ဃ)ထုတ်လုပ်သူ၏ခွင့်ပြုချက်

(င)တင်ဒါတင်သွင်းသူ၏အတွေ့အကြုံ

(စ)စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု

(ဆ)လုပ်ငန်းဆိုင်ရာသတ်မှတ်ချက်များ နှင့် ကိုက်ညီမှု စသည့် အချက်များအပေါ် အခြေခံပြီး တင်ဒါ အောင်/ရှုံး ကို ဆုံးဖြတ်မည်ဖြစ်ပါသည်။

(၆) Technical Proposal နှင့် Price Proposal လာရောက်တင်သွင်းချိန်တွင် မိမိတင်သွင်းသည့် တင်ဒါတန်ဘိုး၏ ၁% နှင့်ညီမျှသော တင်ဒါ လုံခြုံမှုအာမခံကြေး (Tender Security/ Bid Bond) အားမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြု ထားသည့် ဘဏ်တစ်ခုခု မှရယူ၍ တစ်ပါတည်းတင်သွင်းရမည်။ ဌာနမှလက်ခံ ဖြတ်ပိုင်း ပြန်လည်ထုတ်ပေးပါမည်။တင်ဒါအာမခံကြေး(Tender Security) သည် တင်ဒါတန်ဘိုး၏၁%ထက်နည်းပါက လုံးဝလက်ခံမည်မဟုတ်ပါ။ တင်ဒါလုံခြုံမှု အာမခံကြေး သက်တမ်းမှာ တင်ဒါတည်မြဲမှု ကာလကုန်ဆုံးသည့်နောက် (၂၈) ရက် အထိ ဖြစ်ရပါမည်။

(၇) Technical စံချိန်စံညွှန်း စိစစ်မှုပြီးစီး၍ နည်းပညာစံချိန်စံညွှန်းကိုက်ညီခြင်းမရှိသည့် ကုမ္ပဏီများ၏ Tender Security / Bid Bond များကို (Bank Guarantee) လက်ခံဖြတ်ပိုင်း တင်ပြပါက (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ နည်းပညာစံချိန်စံညွှန်းကိုက်ညီသော်လည်း စာချုပ်ချုပ်ဆိုရန် ရွေးချယ်ခြင်းမခံရသော ကုမ္ပဏီများ၏ Tender Security / Bid Bond များကို တင်ဒါလုပ်ငန်းစဉ် ပြီးဆုံးသည့်အခါ (Bank Guarantee) လက်ခံဖြတ်ပိုင်း တင်ပြပါက (၁) ပတ်အတွင်း ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။ (Bank Guarantee) လက်ခံဖြတ်ပိုင်း မတင်ပြနိုင်ပါက (Bank Guarantee) ပေးသွင်း ထားကြောင်းနှင့် လက်ခံဖြတ်ပိုင်း ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ကုမ္ပဏီဘုတ်အဖွဲ့ဝင် အားလုံး၏ ထောက်ခံစာဖြင့် ပြန်လည် တင်ပြပါက စိစစ်၍ (၁)ပတ်အတွင်း ပြန်လည် ထုတ်ပေးမည် ဖြစ်ပါသည်။ တင်ဒါအောင်မြင်၍ စာချုပ်ချုပ်ဆိုရန် ရွေးချယ်ခြင်းခံရသည့် ကုမ္ပဏီသည် ထိုသို့ ရွေးချယ်ကြောင်းအကြောင်းကြားသည့်ရက်မှ(၁၄)ရက်မတိုင်မီ တင်ဒါအောင်မြင်သည့် ပစ္စည်းတန်ဘိုး (စာချုပ်တန်ဘိုး) ၏ ၁၀% နှင့် ညီမျှသော လုပ်ငန်းအာမခံကြေးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ အသိအမှတ်ပြုသည့် ဘဏ်မှထုတ်ပေးသည့် (Performance Bank Guarantee)ပေးသွင်းရပါမည်။Performance Bank Guarantee ပေးသွင်းပြီး (၁)ပတ်အတွင်း Bid Bond ပြန်လည် ထုတ်ပေးပါမည်။

(ည) ရွေးချယ်ဝယ်ယူသည့် ပစ္စည်းများအတွက် ငွေပေးချေရာတွင်ကုမ္ပဏီများ အနေဖြင့် With-holding Tax ၊ Commercial Tax အပါအဝင် ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို နိုင်ငံတော်မှ သတ်မှတ်ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ပေးဆောင်ရမည် ဖြစ်ပါသည်။

(ဋ) ကြေးနန်း / အမြန်ချောပို့ / Fax ဖြင့် ပေးသွင်းလာသော ဈေးနှုန်းလွှာများကို လုံးဝ လက်ခံလိမ့်မည် မဟုတ်ပါ။

(ဌ) ဝယ်ယူသူမှ တင်ဒါတစ်ခုလုံးအစား တင်ဒါပါ ပစ္စည်းအမျိုးအစားနှင့် အရေအတွက်ကို ကုမ္ပဏီများထံမှ ခွဲ၍ ဝယ်ယူခြင်းအား သဘောတူရပါမည်။

(ဍ) နောက်ကျပေးပို့လာသော ဈေးနှုန်းလွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

(ဎ) အဆိုပြုတင်သွင်းလာသော ဈေးနှုန်းများကို ဈေးနှုန်းဖွင့်ဖောက်စိစစ်သည့်နေ့တွင် ကုမ္ပဏီများမှတင်သွင်းထားသည့် ဈေးနှုန်းအဆိုပြုလွှာ စာအိတ်များအား စာအိတ်ပုံစံမပျက် သိမ်းဆည်းထားမှု အခြေအနေကိုပြသပြီး ကုမ္ပဏီ ကိုယ်စားလှယ်များနှင့် တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ရှေ့မှောက်တွင် ဖွင့်ဖောက်ကြေငြာ မှတ်တမ်းတင်မည် ဖြစ်ပါသည်။

(ဏ) နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာများကို စိစစ်ရာတွင် အပိုဒ်၂။ (ခ) (ဆ) ပါ အချက်များအပေါ် စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ စိစစ်အကဲဖြတ်၍ နည်းပညာစံချိန်စံညွှန်း ကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးနှုန်းအနည်းဆုံး တင်သွင်းသူအား ဖွင့်ဖောက်မှတ်တမ်းတင်ထားရှိမည်ဖြစ်ပါသည်။

(တ) ထို့အပြင် ကုမ္ပဏီတစ်ခုချင်းစီ၏ အဆိုပြုဈေးနှုန်းကို ဌာနမှ ကြိုတင် တွက်ချက်ထားသည့် သတ်မှတ် ခန့်မှန်းဈေးနှင့် သီးခြားနှိုင်းယှဉ် စိစစ်မည် ဖြစ်ပြီးမူအားဖြင့် အမြင့်ဆုံး ကြမ်းခင်းဈေးအတွင်း ဝင်ရောက်သည့် တင်ဒါများ ကိုသာ လက်ခံစဉ်းစားမည် ဖြစ်ပါ သည်။

(ထ) ကုမ္ပဏီ Profile နှင့် Detail Technical Specification နှစ်ခုလုံး စံချိန်စံညွှန်း သတ်မှတ်ချက်နှင့် ကိုက်ညီပြီး ဌာနမှ ကြိုတင်တွက်ချက် ထားသော ဈေးနှုန်းဘောင်အတွင်းဝင်၍ ဈေးနှုန်းအနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်သော စနစ်ကို ကျင့်သုံးဆောင်ရွက်ပါမည်။ တင်ဒါများသည်-

(က) တင်ဒါတင်သွင်းသူများ၏ အရည်အချင်းနှင့် အတွေ့အကြုံ

(ခ) အသုံးပြုသည့်နည်းလမ်း

(ဂ) အရေးကြီးသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု

(ဃ) အဓိကကျသော ဝန်ထမ်းများ

(င) ကမ်းလှမ်းသည့်ဈေးနှုန်း-စသည့် တင်ဒါ စာရွက်စာတမ်းပါ လိုအပ်ချက်များနှင့် အများဆုံးကိုက်ညီမှုရှိပါက ကမ်းလှမ်းသည့်ဈေးနှုန်းကိုထပ်မံသုံးသပ်၍ နည်းပညာ စံချိန်စံညွှန်းကိုက်ညီသော တင်ဒါတင်သွင်းသူများအနက်မှ ဈေးနှုန်းအနည်းဆုံးသော တင်ဒါကိုရွေးချယ်ရမည်။ ချွင်းချက်အားဖြင့် ကုမ္ပဏီများအားလုံးအဆိုပါ ဈေးနှုန်းသို့ မဝင်ပါက တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၏ ဖြေရှင်းဆုံးဖြတ်မှုသည်သာ အတည်ဖြစ်ပါ မည်။

(ဒ) ဈေးနှုန်းဖွင့်ဖောက်ကြေညာပြီး၍ တင်ဒါစိစစ်ရွေးချယ်သည့် လုပ်ငန်းစဉ် (Tender Process) မပြီးဆုံးမီ ပဏာမရွေးချယ်ရရှိပြီး ဖြစ်သည့် လုပ်ငန်းရှင်သည် လုပ်ငန်း ဆောင်ရွက်လိုသည့် ဆန္ဒ မရှိတော့၍ နုတ်ထွက်လိုပါကြောင်း တင်ပြလာပါက သဘော ဆန္ဒအလျောက် နုတ်ထွက်နိုင်သော်လည်း လုပ်ငန်းရှင်မှ ဌာနသို့ အပိုဒ်၂။ (ဧ) ပါ အရ တင်သွင်းထားသော တင်ဒါလုံခြုံမှု အာမခံငွေ (Tender Security) (Bid Bond) ကိုဌာနမှ သိမ်းဆည်းပါမည်။ တင်ဒါ စိစစ်ရွေးချယ်မှု လုပ်ငန်းစဉ်များ ပြီးမြောက်၍ ဤဌာနနှင့် စာချုပ်ချုပ်ဆိုရန် ပျက်ကွက်ပါက တင်ဒါလုံခြုံမှု အာမခံငွေ (Tender Security) အား ဌာနမှ သိမ်းဆည်းမည့်အပြင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် တင်ဒါယှဉ်ပြိုင်ခွင့် (၁နှစ်)ပိတ်ပင်မည့် အရေးယူခြင်းခံရပါမည်။

(ဓ) စိစစ်ရွေးချယ်ထားသော လုပ်ငန်းရှင်၏ သက်ဆိုင်ရာအဆိုပြုလုပ်ငန်းနှင့် ဈေးနှုန်းအား ဝန်ကြီးဌာနသို့ တင်ပြ အတည်ပြုချက်ရယူပြီးမှသာ စာချုပ် ချုပ်ဆို ဆောင်ရွက်မည် ဖြစ်သည်။

(န) ဈေးနှုန်းတင်သွင်းသူများ အခွင့်အရေး ညီတူညီမျှ ရရှိစေရေးအတွက် ဤလုပ်ငန်းနှင့် စပ်လျဉ်း၍ကုမ္ပဏီများ၏ အခွန်ကင်းလွတ်ခွင့်နှင့် ပတ်သက်သည့် မည်သည့်တင်ပြလာမှု မျိုးကိုမဆို ဌာနမှလက်ခံ ဆောင်ရွက်ပေးမည် မဟုတ်ပါ။ ကုမ္ပဏီများအနေဖြင့် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများအတွက် လည်းကောင်း၊ ပြည်တွင်း/ ပြည်ပမှ ရယူမည့် အခြားပစ္စည်း/ လုပ်အားခများအတွက် လည်းကောင်း၊ ပေးဆောင်ရမည့်အခွန်အခများ အားလုံးကို နိုင်ငံတော်မှ ထုတ်ပြန်ထားသော တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း ညွှန်ကြားချက် များနှင့်အညီ ပေးဆောင်ရမည်ဖြစ်သည်။

(ပ) ရောင်းချသူ/ ရောင်းချသည့်ကုမ္ပဏီမှ ပေးသွင်းရန်ရှိ ကုန်ပစ္စည်းများ၏ အရေအတွက်၊ အရည်အသွေးတို့ကို စာချုပ်ပါအတိုင်း ပြည့်စုံမှန်ကန်စွာ သတ်မှတ် နေရာအရောက် ပေးပို့ /

နောက်ဆက်တွဲ (က)

## ကုမ္ပဏီနှင့် သက်ဆိုင်သော တင်ပြရမည့် အချက်အလက်များ

တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပြုလုပ်၍ တင်သွင်းသွားကြရမည်။ တင်သွင်းသည့် အထောက်အထား စာရွက်စာတမ်းများ၏ စာမျက်နှာတိုင်းတွင် ကုမ္ပဏီ တံဆိပ်နှင့် ကုမ္ပဏီမှ အထူးအာဏာပေး လွှဲအပ်ထားသူ၏ လက်မှတ်များပါရှိရမည် ဖြစ်သည်။

(က) Bidder's Qualifications (ကုမ္ပဏီဆိုင်ရာအချက်အလက်များ)

(၁) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ် မိတ္တူ (သက်တမ်းကျော်လွန်ခြင်းမရှိရပါ) (မပါရှိပါက (သို့မဟုတ်) တင်ဒါခေါ်ယူမှုနှင့် သက်ဆိုင်မှု မရှိသည့် ကုမ္ပဏီ မှတ်ပုံတင် ဖြစ်ပါက တင်ဒါအား လုံးဝ ရွေးချယ်ခြင်း ပြုမည် မဟုတ်ပါ)။

(၂) ရှယ်ယာပိုင်ဆိုင်မှု

(၃) ကုမ္ပဏီ၏ ဖွဲ့စည်းပုံဇယားနှင့် သင်းဖွဲ့မှု မှတ်တမ်း

(၄) ကုမ္ပဏီ၏ ယခင်ဆောင်ရွက်ခဲ့ဖူးသော အတွေ့အကြုံများနှင့် အောင်မြင်မှုများ (လုပ်ငန်းအမည်၊ လုပ်ငန်းတန်ဖိုးနှင့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ပြည့်စုံစုံ ဖော်ပြ ရမည်)။

(၅) Production (or) Manufacturing Capacity

(ခ) Experience in Similar Work or Sale

လွန်ခဲ့သည့် (၃) နှစ်အတွင်း တင်ဒါပါ လုပ်ငန်းနှင့် တူညီသည့် လုပ်ငန်းများ တည်ဆောက်၊ လုပ်ကိုင်၊ ချုပ်ဆို၊ ဆောင်ရွက်ခဲ့သည့် အချက်အလက် အထောက် အထား များနှင့် ငွေကြေးပမာဏ (ဝန်ကြီးဌာနများဖြင့် သော်လည်းကောင်း၊ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများဖြင့် သော်လည်းကောင်း၊ ပုဂ္ဂလိက ကဏ္ဍတွင် သော်လည်းကောင်း ဆောင်ရွက်ခဲ့မှုများပါ အကြုံးဝင်ပါသည်)။

(ဂ) Delivery/ Work Schedule.

(ဃ) Dealer Certificate or Manufacture's Authorization for Main Items

(င) **ဘဏ္ဍာရေးအခြေအနေ (Financial Position)**

(၁) တင်ဒါပါလုပ်ငန်းဆောင်ရွက်နိုင်ရန် ငွေကြေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်)မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ် တစ်ခုခုမှ ကုမ္ပဏီအမည်ဖြင့် ထုတ် ပေးထားသည့် Bank Statement

(၂) အနီးစပ်ဆုံးကာလတွင်ထုတ်ပြန်ထားသော Auditor's Report & Profit & Loss Statement, Balance Sheet

(၃) အခွန်ထမ်းဆောင်မှုအထောက်အထား နှင့် သက်ဆိုင်ရာ စည်းကြပ်နှစ်အလိုက် ပြည်တွင်းအခွန်များကို ဦးစီးဌာနမှအခွန်ဆိုင်ရာကိစ္စများ ဆောင်ရွက်ပြီးစီးကြောင်း ထောက်ခံချက် (အခွန်ကင်းရှင်းကြောင်းထောက်ခံချက်)

(စ) History of Non-Performance (Unresponsibility in Ministry of Electricity and Energy)

## တင်ဒါစိစစ်ရွေးချယ်မှု စည်းမျဉ်းများ

## (Tender Evaluation Procedures)

1. သတ်မှတ်ထားသည့် တင်ဒါပိတ်ရက်၊ အချိန်ထက် နောက်ကျပေးသွင်းလာသည့် တင်ဒါများကို လုံးဝလက်ခံစဉ်းစားမည် မဟုတ်ပါ။
2. တင်ဒါပိတ်ရက်တွင် သတ်မှတ်ထားသည့် အချိန်၌ မပါမဖြစ်ပါဝင်ရမည့် စာရွက်စာတမ်း အထောက်အထားများ ပါရှိမှုအား တစ်ချိန်တည်း တင်ဒါကြီးကြပ် စစ်ဆေးရေးကော်မတီနှင့် တင်ဒါတင်သွင်းသူများ၏ ရှေ့မှောက်တွင် ဖွင့်/ဖောက် စစ်ဆေး၍ တင်ပြကြေငြာသွားမည် ဖြစ်သည်။ (မပါမဖြစ် ပါဝင်ရမည့် အချက်များ ပါဝင်မှု မရှိသော တင်ဒါ တင်သွင်းမှုများအား ပယ်ဖျက်သွားမည် ဖြစ်သည်။)
3. သတ်မှတ်ထားသော Bid Security or Bid Bond Guarantee Letter တင်ပြနိုင်ခြင်း မရှိသည့် တင်သွင်းမှု များအား လက်ခံစဉ်းစားမည် မဟုတ်ပါ။
4. တင်ဒါခေါ်ယူသည့် အဖွဲ့အစည်းမှ သတ်မှတ်ထားသော အမြင့်ဆုံး ကြမ်းခင်းဈေး အောက်လျော့နည်းသော တင်ဒါများအား လက်ခံစဉ်းစားမည် ဖြစ်ပါသည်။ အမြင့်ဆုံးကြမ်းခင်းဈေးထက် မြင့်သော တင်ဒါများကို ပယ်ဖျက်မည် ဖြစ်ပါသည်။
5. ဈေးနှုန်းတွက်ချက်မှု မှားယွင်းခြင်း၊ မူလတင်ဒါတွင် ပါဝင်သည့် လုပ်ငန်းပမာဏအား လျော့၍ တွက်ချက်ခြင်း၊ ထည့်သွင်းတွက်ချက် မထားရှိမှုများကို စိစစ်တွေ့ရှိရပါက ၎င်းတင်သွင်းသည့် တင်ဒါအား ပယ်ဖျက်သွားမည် ဖြစ်ပါသည်။
6. တင်ဒါပေးသွင်းသူသည် မိမိတင်ဒါအောင်မြင်မှုအတွက် အစိုးရအရာရှိများထံမှ လည်းကောင်း၊ သြဇာတိက္ကမရှိသော ပုဂ္ဂိုလ်များထံမှ လည်းကောင်း၊ အကူအညီ ရယူရန် ကြိုးစားလျှင် တင်ဒါအား ပယ်ဖျက်သွားမည်။
7. တင်ဒါကော်မတီသည် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မကိုက်ညီ၍ သော်လည်းကောင်း နိုင်ငံတော်နှင့် ဌာနမှ သတ်မှတ် ပြဋ္ဌာန်းထားသော စည်းကမ်း၊ ဥပဒေများ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှု မရှိ၍ သော်လည်းကောင်း၊ ရရှိသော တင်ဒါတစ်ခုကို ဖြစ်စေ၊ အားလုံးကိုဖြစ်စေ၊ အကြောင်းတစ်စုံတစ်ရာ ဖော်ပြခြင်းမပြုဘဲ ပယ်ဖျက်ခွင့်ရှိကြောင်းကို တင်ဒါတင်သွင်းသူများ သိရှိထားရမည်။
8. တင်ဒါလက်ခံရေးနှင့် စိစစ်ရေး ကော်မတီသည် တင်ဒါတင်သွင်းသူများမှ ပေးသွင်းလာသည့် Detail Technical Specification များနှင့် ကုမ္ပဏီနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းအထောက်အထားများအား စိစစ်အကဲဖြတ်မည်ဖြစ်ပါသည်။
9. အကဲဖြတ်ရာတွင် အောက်ပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်သွားမည်-

   (က) ကုမ္ပဏီနှင့်သက်ဆိုင်သည့် အထောက်အထားများအနေဖြင့် အောက်ပါ အချက်အလက်များကို တင်ပြရမည်-

   (၁) Bidder's Qualitification

   (၂) Experience in Similar Work or Sale

   (၃) Legal Financial Position

   (၄) Delivery / Work Schedule

   (၅) Dealer Certificate or Manufacture's Authorization for Main Items

   (၆) History of Non-Performance (Unresponsibility in our Ministry

(ခ) ကုမ္ပဏီနှင့် သက်ဆိုင်သည့် အထောက်အထား အချက်အလက်များ စိစစ်ရာတွင် ပါဝင်သည့် History of Non-Performance မှ အမည်ပျက်ရှိခြင်း၊ Sub-Contract ဖြင့် ဆောင်ရွက်စေခြင်း၊ BG နောက်ကျပေးသွင်းခြင်း၊ စာချုပ်ပျက်ပြယ်မှုရှိခြင်း၊ ပစ္စည်းပေးသွင်းမှု နောက်ကျခြင်း၊ လုပ်ငန်းတည်ဆောက်မှု နောက်ကျခြင်း၊ ပေးသွင်းသည့် ပစ္စည်း Brand များ ပြောင်းလဲမှုရှိခြင်း၊ Spect နှင့် Quality ကိုက်ညီစွာပေးသွင်းနိုင်မှု မရှိခြင်း စသည့် အထောက် အထားများပေါ် မူတည်၍ စိစစ်အကဲဖြတ်သွားမည် ဖြစ်သည်။

(ဂ) ကုမ္ပဏီအသစ်များအနေဖြင့် Similar Work or Sale နှင့် History of Non-Performance ပေးမှတ်များကို စဉ်းစားရာတွင် ပျမ်းမျှပေးမှတ်သာ စဉ်းစားသွားမည် ဖြစ်သည်။

(ဃ) ကုမ္ပဏီ Profile နှင့် Detail Technical Specification နှစ်ခုလုံး စံချိန်စံညွှန်းသတ်မှတ်ချက်နှင့် ကိုက်ညီပြီး ဌာနမှ ကြိုတင်တွက်ချက် ထားသော ဈေးနှုန်းဘောင် အတွင်းဝင်၍ ဈေးနှုန်း အနည်းဆုံးတင်သွင်းသည့် ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်သော စနစ်ကိုကျင့်သုံး ဆောင်ရွက်ပါမည်။

10. စံချိန်စံညွှန်းသတ်မှတ်ချက်နှင့်အညီ စိစစ်အကဲဖြတ်ချက်နှင့်ဈေးနှုန်းဖွင့်ဖောက်ထားရှိမှု ကို အထောက်အထား အချက်အလက်များအား တင်ဒါ စိစစ်ရွေးချယ်အတည်ပြုရေးကော်မတီမှ စိစစ်သုံးသပ်၍ အတည်ပြုပြီးသော တင်ဒါအောင်မြင်သူနှင့် မအောင်မြင်သူများအား စာဖြင့် အကြောင်းကြားခြင်းသော်လည်းကောင်း၊ ကုမ္ပဏီအားလုံးအား ခေါ်ယူ၍ ရှင်းလင်းတင်ပြခြင်းသော်လည်းကောင်း ပြုလုပ်သွားမည်ဖြစ်ပါသည်။

11. စာဖြင့်အကြောင်းကြားခြင်း ပြုလုပ်ခဲ့ပါက တင်ဒါမအောင်မြင်သူများအနေဖြင့် မကျေနပ်မှု၊ သိရှိစုံစမ်းလိုမှုများရှိပါက တင်ဒါအောင်မြင်/ကျရှုံးကြောင်း အကြောင်းကြားသည့်ရက်မှ (၁၅)ရက်အတွင်း တင်ဒါ စိစစ်ရွေးချယ်အတည်ပြုရေးကော်မတီသို့ တရားဝင်စာဖြင့် ရေးသား၍ စုံးစမ်းနိုင်ပြီး ကော်မတီမှလည်း တရားဝင်စာဖြင့် ဖြေရှင်းအကြောင်း ပြန်ကြားသွားမည်ဖြစ်ပြီး (၁၅)ရက်ထက် ကျော်လွန်မှ ရောက်ရှိလာသည့်စာများအား အကြောင်းပြန်ကြားသွားမည်မဟုတ်ပါ။ ကုမ္ပဏီများနှင့် တွေ့ဆုံ၍ ကြေညာမှု ပြုလုပ်ပါက တင်ဒါမအောင်မြင်သောကုမ္ပဏီများ၏ စုံစမ်းမေးမြန်းမှုများကို တစ်ချိန်တည်း အထောက်အထားများဖြင့် ရှင်းလင်းပေးသွားမည်ဖြစ်ပါသည်။

Attached to - 1-17(T)/MESC/2018-2019

Date - . . 2019

Company's Letter Head

PRICE SCHEDULE OF ARTICLES TO BE SUPPLIED

Price Schedule Offer shall be quoted in kyat by the Supplier

(Amount in : Kyat)

| Sr. No | Description of Articles | Unit | Quantity | D.D.P (MDY)Kyat | |
|---|---|---|---|---|---|
| | | | | Unit Price | Total Price |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| | | | | | |
| Total | | | | | |

(1) Manufacturer - To be mentioned by the Supplier.
(2) Country of Origin - To be mentioned by the Supplier.
(3) Delivery Period - ( )months after the date of signing of the Contract.
(4) Price Validity - ( )days from the closing date of this Quotation.
(5) System of Payment - ( )weeks after delivery and acceptance tests.
(6) Warranty - ( )

…………………………

(Singnature of Supplier)

Co, Name:

Full Address:

# လျှပ်စစ်ပုံစံလိုအပ်ချက်စာရင်း ဇယား

(၁၄.၂.၂၀၁၉)

| စဉ် | အမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁ | လျှပ်စစ်ပုံစံ(၄) | ရွက် | ၅၀၀၀ |
| ၂ | လျှပ်စစ်ပုံစံ(၁၆) | ရွက် | ၅၀၀၀၀ |
| ၃ | လျှပ်စစ်ပုံစံ(၂၂) | အုပ် | ၅၀၀ |
| ၄ | လျှပ်စစ်ပုံစံ(၂၃) | အုပ် | ၃၅၀၀ |
| ၅ | လျှပ်စစ်ပုံစံ(၂၃-က) | အုပ် | ၃၀၀၀ |
| ၆ | လျှပ်စစ်ပုံစံ(၂၄) | ရွက် | ၅၀၀၀၀ |
| ၇ | လျှပ်စစ်ပုံစံ(၂၅-က) | အုပ် | ၅၀၀ |
| ၈ | လျှပ်စစ်ပုံစံ(၂၆) (ရုံးချုပ် + နယ်) | ကဒ် | ၂၀၀၀၀ |
| ၉ | လျှပ်စစ်ပုံစံ(၃၁) | ရွက် | ၁၀၀၀၀ |
| ၁၀ | လျှပ်စစ်ပုံစံ(၃၇) | ရွက် | ၁၀၀၀၀ |
| ၁၁ | လျှပ်စစ်ပုံစံ(၄၃) | အုပ် | ၅၀၀ |
| ၁၂ | လျှပ်စစ်ပုံစံ(၄၄-၁) | ရွက် | ၁၀၀၀၀ |
| ၁၃ | လျှပ်စစ်ပုံစံ(၄၄-၂) | ရွက် | ၁၀၀၀၀ |
| ၁၄ | လျှပ်စစ်ပုံစံ(၆၆) | အုပ် | ၃၀၀ |
| ၁၅ | လျှပ်စစ်ပုံစံ(၇၆) | ကဒ် | ၅၀၀၀၀၀ |
| ၁၆ | လျှပ်စစ်ပုံစံ(၉၅) | အုပ် | ၂၀၀၀ |
| ၁၇ | လျှပ်စစ်ပုံစံ(၁၅၈) | ရွက် | ၆၀၀၀ |
| ၁၈ | လျှပ်စစ်ပုံစံ(၁၅၉) | အုပ် | ၂၀၀ |
| ၁၉ | လျှပ်စစ်ပုံစံ(၂၃၆) | ရွက် | ၅၀၀၀ |
| ၂၀ | လျှပ်စစ်ပုံစံ(၂၄၃) | ရွက် | ၅၀၀၀ |
| ၂၁ | လျှပ်စစ်ပုံစံ(၂၄၅) | ရွက် | ၃၀၀၀ |
| ၂၂ | လျှပ်စစ်ပုံစံ(၂၅၈) | ရွက် | ၂၀၀၀၀ |
| ၂၃ | လျှပ်စစ်ပုံစံ(၂၆၃) | ရွက် | ၅၀၀၀ |
| ၂၄ | လျှပ်စစ်ပုံစံ(၂၆၄) | ရွက် | ၅၀၀၀ |
| ၂၅ | လျှပ်စစ်ပုံစံ(၂၆၅) | အုပ် | ၅၀၀ |
| ၂၆ | လျှပ်စစ်ပုံစံ(၂၆၆) | ရွက် | ၆၀၀၀၀ |
| ၂၇ | လျှပ်စစ်ပုံစံ(၂၈၀) | အုပ် | ၁၅၀ |
| ၂၈ | လျှပ်စစ်ပုံစံ(၂၈၄) | အုပ် | ၁၀၀ |
| ၂၉ | လျှပ်စစ်ပုံစံ(၂၉၀) | ကဒ် | ၁၀၀၀၀ |
| ၃၀ | လျှပ်စစ်ပုံစံ(၃၀၁) | ရွက် | ၁၀၀၀၀ |

(သန်းမင်း)
မန်နေဂျာ (ပစ္စည်း)